သခင်ကျော်စိန်၏ မိတ်ဆက်အမှာ

တောင်ငူခရိုင် ဂျပန်ဖက်ဆစ် တော်လှန်ရေး ခေါင်းဆောင်တစ်ဦးဖြစ်ခဲ့သူ ရဲဘော်ကြီး ဦးမြင့်ဆွေ ဘာသာပြန်ထားသော 'Helen of Burma' စာအုပ်ကို ဖတ်ရှုကြည့်ရန် ကိုယ်တိုင် ယူလာခဲ့ပြီး ပထမတွင် 'စစ်အတွင်းက သူနာပြု ဆရာမတစ်ဦး၏ သာမန် အတွေ့အကြုံမျှသာ ဖြစ်မှာပါ' ဟူသော သဘောဖြင့် အကြမ်းဖျင်း ကြည့်မိပါသည်။ ထိုသို့ ကြည့်လိုက်ပါမှ ဂျပန်ခေတ် မြန်မာနိုင်ငံသမိုင်းကို သူ့ရှုထောင့်၊ သူ့အတွေ့အကြုံ၊ သူ့အမြင်များဖြင့် ရေးထားသည်ကို တွေ့ရသဖြင့် လုံးစေ့ပတ်စေ့ တစ်ခေါက် ပြန်ဖတ်ရပါတော့သည်။

၁၃၀၀ ပြည့် အရေးတော်ပုံ၏ ရှေ့ပြေး အခန်းတစ်ခန်း ဖြစ်ခဲ့သော ၁၉၃၈ ခု၊ ဒီဇင်ဘာလ၊ ၂၀ ရက်နေ့ ရန်ကုန်မြို့ အတွင်းဝန်များရုံးကို ကျောင်းသားများ ဆန္ဒပြ သပိတ်တားစဉ်က ကွယ်လွန်သွားရှာသူ ဗိုလ်အောင်ကျော်နှင့် ကျွန်တော်တို့ 'ကိုလိုနီပုလိပ်' များ၏ ရိုက်နှက် လှုစ်ခဲ့ရာတွင် ဒဏ်ရာများ အသီးသီး ရရှိပြီးလျှင် ရန်ကုန်ဆေးရုံကြီး အခန်း ၇ နှင့် ၈ သို့ တက်ရောက်ခဲ့ရစဉ်က စာအုပ်ရေးသူ Helen Rodriguez ကို စတင် တွေ့ရှိ သိကျွမ်း ခဲ့ရပါသည်။ ထိုအခါက အလုပ်သင် ကျောင်းသူ သူနာပြု ဆရာမကလေးအဖြစ် အမှုထမ်းနေပါသည်။ လူနာများကို ကိုယ်ချင်းစာနာပြီး ယုယုယယ စေတနာ ကြီးမားစွာဖြင့် ပြုစုပေးခဲ့သည်ကို ယနေ့တိုင် မမေ့နိုင်ဖြစ်ရပါသည်။ နောက် ကျွန်တော်၏ ဦးခေါင်းမှ ဒဏ်ရာမှာ အနည်းငယ် 'ရင်း' ချင် သလိုလို ဖြစ်နေ၍ ရန်ကုန်ဆေးရုံကြီး အခန်း ၁၃ နှင့် ၁၄ သို့ ပြောင်းပြီး ကုသ ခံနေရစဉ်တွင်လည်း ညွှန်ဆရာမ ဒေါ်အေးငွေ၏ လက်ထောက် ဆရာမကလေး အဖြစ် ရက်ပေါင်း ၃၀ တိတိ ထပ်မံ ကြုံဆုံခဲ့ရပါသည်။ ကျန်းမာသန်စွမ်း၍ လူနာများကို စေတနာအပြည့်ဖြင့် နှစ်သိမ့်ပေးပြီး ပြုစုစောင့်ရှောက်မှု တာဝန်အရပ်ရပ်ကို လိုလေသေး မရှိရအောင် ထိုအခါက ပြုစုခဲ့သည့် ကျေးဇူးကိုလည်း တွေးမိတိုင်း သတိရနေပါသည်။

'Helen of Burma' စာအုပ်ထဲတွင် သူနာပြု လက်မှတ်ရ စာမေးပွဲ အောင်မြင်ပြီးနောက် ရှမ်းပြည်နယ် တောင်ကြီးဆေးရုံတွင် ဆရာမအုပ် (Matron) အဖြစ် တာဝန် ထမ်းဆောင်နေစဉ် ဒုတိယ ကမ္ဘာစစ်ကြီးသည် ကမ္ဘာ့အရှေ့အနောက်ပိုင်းမှ အရှေ့ပိုင်းသို့ ကူးစက်ပြန့်ပွားလာသောအခါ တောင်ကြီးမြို့ပေါ်၌ တစ်ဖက်နှင့် တစ်ဖက် ပြင်းပြင်းထန်ထန် တိုက်ပွဲများ သာမက လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခံရပုံများ၊ စစ်သား လူနာများ၊ အရပ်သား လူနာများကို ကူညီ ကုသပေးရာတွင် လူနာများ သက်သာရေးနှင့် အသက်ရှင်ရေးအတွက် အဆက်မပြတ်လိုလို ပစ်ခတ်နေသော အမြောက်ဆန်များကြား၌ ယာယီ စစ်ဆေးရုံမှ လူနာများ၊ အရပ်ဘက်ဆေးရုံမှ လူနာများကို သက်စွန့်ဆံဖျား သူမတူအောင် ပြုစုလုပ်ကိုင် ဆောင်ရွက်ပေးခဲ့ပုံတို့ကို ဤစာအုပ်တွင် ဖော်ပြထားသည်တို့မှာ ဖြစ်ရပ်မှန်များ ဖြစ်ပါသည်။ ထို့ကြောင့်လည်း 'မိမိ အသက်ကို ပမာမပြုဘဲ နမူနာယူလောက်သော ကိုယ်ကျိုး စွန့်လွှတ်မှုဖြင့် အလွန် မွန်မြတ်သန့်ရှင်းသော တာဝန်ကို ကျေပွန်စွာ ထမ်းဆောင် ခဲ့ခြင်း' ဖြစ်၍ ဗြိတိသျှအစိုးရက 'George Medal' ဘွဲ့တံဆိပ်ကို ပေးအပ် ချီးမြှင့်ခြင်း ခံခဲ့ရပါသည်။

ထိုစဉ်က မြန်မာပြည်ဘုရင်ခံ Sir Reginald Dorman Smith က အစိုးရအမှုထမ်း၊ အရာထမ်းတိုင်း မိမိတို့ တာဝန်ကျရာ နေရာအသီးသီးတွင် ဘာပဲဖြစ်ဖြစ် နေမြဲသဘောဖြင့် (stay -put) တာဝန်ထမ်းဆောင်ရန် အမိန့်တစ်ရပ် ထုတ်ဆင့်ခဲ့ပါသည်။ စစ်မြေပြင် စစ်တလင်း တကယ်ဖြစ်လာသောအခါတွင်မူ ထိုအမိန့်ကို ထုတ်ဆင့်ခဲ့သော ဘုရင်ခံနှင့်တကွ ဆရာဝန်များ၊ သူနာပြုများ အပါအဝင် အစိုးရအမှုထမ်း၊ အရာထမ်း အားလုံးလိုလိုသည် ဘေးလွတ်ရာ လွတ်ကြောင်း အတွက် ထွက်ပြေးကြသော စစ်ပြေးဒုက္ခသည်များ ဘဝသို့ ရောက်ခဲ့ကြရပါသည်။ ဖခင်ဖြစ်သူ အငြိမ်းစား ဆရာဝန်ကြီးမှာမူ တောင်ကြီးရှိ 'မိမိအိမ်မှ မခွာ' ဟု ဆုံးဖြတ်နေထိုင်နေစဉ် စစ်ပြေးဒုက္ခသည်များ ကားကြုံ တစ်စီးပေါ်သို့ မိခင်နှင့် အစ်မ ဖြစ်သူတို့ကို တင်ပေးလိုက်ပါသည်။

တောင်ကြီးမြို့ပေါ်တွင် တိုက်ပွဲ ပြင်းထန်စွာ ဖြစ်လာသောအခါ မိတ်ဆွေများက ဖခင်ဖြစ်သူကို ဘေးလွတ်ရာ ရွာတစ်ရွာသို့ ခေါ်ဆောင်သွားသဖြင့် တောင်ကြီးကို ဂျပန်များ သိမ်းလိုက်သောအခါ၌ မိကွဲ ဖကွဲဖြစ်ခဲ့ရပုံများ၊ ဆေးရုံလုပ်ငန်း၊ လူနာပြုစု ကုသရေး လုပ်ငန်းတို့ကို ကူညီ လုပ်ကိုင်ပေးနေသူများနှင့် ဆက်လက် လုပ်ကိုင်ပေးနေပုံကို တွေ့ရှိရသောအခါ ပထမပိုင်း၌ အထင်မှားသလို သံသယ ဖြစ်နေသော်လည်း နောင်တွင် ဆက်ပြီးလုပ်နေရန် ဂျပန်စစ်တပ်က ခွင့်ပြုခဲ့ပုံများ၊ ဖခင်ကို ပြန်တွေ့ပြီးနောက် ကွဲသွားခဲ့သော မိခင်နှင့် အစ်မကို လိုက်ရှာရင်း ပြင်ဦးလွင်ရှိ စစ်ပြေးဒုက္ခသည်များနှင့် ပူးပေါင်းမိပုံများ၊ ရန်ကုန်မြို့သို့ ဆင်း၍ အလုပ်ရှာပြီး လုပ်ခဲ့ရပုံများ၊ ထို့နောက် ပြင်ဦးလွင်ရှိ ဖခင်ထံ ပြန်ခဲ့ပြီး ရောက်ရာနေရာတွင် 'အမျိုးသမီး မွေးလူနာ'များ အပါအဝင် လူနာအမျိုးမျိုးကို ပြုစုစောင့်ရှောက် ကုသပေးနေစဉ် 'ဗြိတိသျှသူလျှို' ဟု စွပ်စွဲကာ ဂျပန်ကင်ပေတိုင် စစ်ပုလိပ်တို့က ဖမ်းဆီးပြီး ပလိုင်ယာဖြင့် လက်သည်းများကို ဆွဲထုတ် ညှဉ်းပန်းသည်အထိ အမျိုးမျိုး ခံခဲ့ရပုံများ၊ ဂျပန်ကင်ပေတိုင် စစ်ပုလိပ်ငရဲမှ လွတ်လာသောအခါ ပြင်ဦးလွင် ဒုက္ခသည်များ စခန်းတွင် စနစ်တကျ စည်းရုံးနေထိုင်ခဲ့ရပုံများ၊ နောက်ပိုင်းတွင် မဟာမိတ် 'လေထီး' ဆင်းများနှင့် ဆက်သွယ်မိပြီး မဟာမိတ်တပ်များကို လျှို့ဝှက် အသံလွှင့်စက်ဖြင့် ကူညီ လုပ်ကိုင်ပေးခဲ့ရပုံများ၊ မိမိတို့ ဒုက္ခသည်များ စခန်းရှိ ပျိုငယ်သော အမျိုးသမီးများကို ကာကွယ်စောင့်ရှောက်ပေးခဲ့ပုံများ၊ မိဘမဲ့ကလေးများကို သားသမီးအရင်းကဲ့သို့ ပြုစုခဲ့ရပုံများ၊ မဟာမိတ်များ ပြန်လည် ရောက်ရှိလာသောအခါ ရောဂါသည် ဖခင်ကြီးကို အိန္ဒိယသို့ ဆေးကုသရန် ပို့ပေးသော်လည်း ကာလကတ္တားမြို့ ဆေးရုံတွင် ကွယ်လွန်သွားခဲ့ပုံများ၊ နောက် သူကိုယ်တိုင် အိန္ဒိယသို့ လိုက်ပါသွားပြီး မိခင်နှင့် အစ်မကိုပါ ပြန်လည်တွေ့ဆုံရပုံများ၊ အိန္ဒိယတွင် အလုပ်လုပ်နေစဉ် ဗြိတိသျှအစိုးရက 'George Medal 'ကို ချီးမြှင့် ပေးအပ်ခဲ့ပုံများ၊ မြန်မာပြည်အစိုးရကလည်း စစ်ကြီးအတွင်း သူမတူအောင် တာဝန်များ စွန့်စွန့်စားစား လုပ်ဆောင်ချက်များကို ချီးကျူးသောအားဖြင့် ဆုငွေ ၅,၀၀၀ ပေးခဲ့ပုံများ၊ စစ်ပြေးဒုက္ခသည်များ အိန္ဒိယသို့ သွားရာလမ်း တစ်လျှောက်တွင် အလုအယက်မခံရဘဲ ကျန်ရှိနေသည့် လက်ဝတ်လက်စားနှင့် အတူပါသွားသော ရတနာများကို 'နောင်တစ်နေ့ ပြန်လည်ရယူနိုင်ကောင်းရဲ့' ဟု သဘောပိုက်ပြီး သိုဝှက်ထားခဲ့ပုံများ၊ လမ်းတွင် အစာပြတ်၍ လည်းကောင်း၊ ပင်ပန်း၍ လည်းကောင်း၊ ရောဂါဆိုးများကြောင့် လည်းကောင်း၊ အတုံးအရုံး သေကြေပျက်စီးခဲ့ကြရပုံများ အစရှိသဖြင့် သည်းထိတ်ရင်ဖို ဖြစ်ရပ်ပေါင်းများစွာတို့ကို အမှန်ဖြစ်ရပ်များအတိုင်း ရေးသားထားပါသည်။ စ၍ ဖတ်မိလျှင် လက်မှ မချနိုင်လောက်အောင် စာအုပ်အဆုံးအထိ ကွက်ကွက်ကွင်းကွင်း ရေးသားထားသည်ကို ဖတ်ရှုနိုင်ကြပါသည်။ စာအုပ်ကို အဆုံးအထိ ရေးသား၍ မပြီးမီ စစ်အတွင်း ကြုံကြိုက်ခဲ့ရသော ဒုက္ခ အမျိုးမျိုးတို့၏ ဖိစီးနှိပ်စက်မှု ဒဏ်ဖြင့် ကွယ်လွန်သွားပုံတို့ကို ကြေကွဲဖွယ် ဖတ်ရှုရမည် ဖြစ်ပါသည်။

Miss Helen Rodriguez ရန်ကုန်ဆေးရုံကြီးတွင် အလုပ်သင် သူနာပြု ကျောင်းသူ ဆရာမကလေး အဖြစ် လုပ်ကိုင်ခဲ့စဉ်က ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီး ဒေါ်ခင်ကြည်၊ ကျွန်တော်၏ ဇနီး ဒေါ်မိမိကြီး တို့၏ လက်ထောက်အဖြစ် လုပ်ကိုင်ခဲ့ဖူးရာ စိတ်သဘောထား မြင့်မြတ်ပုံ၊ လူနာများအပေါ် စေတနာ အပြည့်ထားရှိပုံ၊ အလုပ်တာဝန်များကို စိတ်ရော ကိုယ်ပါ ပေါ့ပါး ဖျတ်လတ်စွာ လုပ်ကိုင်ခဲ့ပုံတို့ကိုလည်း တစ်ဆင့် စကား ကြားသိရပါသည်။

ဤစာအုပ်ကို ဖတ်ရှုကြည့်ခြင်းအားဖြင့် ဂျပန်ခေတ် မရောက်မီကစ၍ မဟာမိတ်များ ပြန်လည် ရောက်သည်အထိ စစ်ပြေးဒုက္ခသည် လူနာများ၊ ဂျပန် ဗုံးဒဏ်ခံခဲ့ရသော လူနာများကို ပြုစုပေးခြင်း၊ ဘီအိုင်အေ စစ်သား လူမမာများ၊ အရပ်သား လူမမာများကို ကိုယ်ကျိုး လုံးဝမပါဘဲ ပြုစုပေးခဲ့ရုံမျှမက ဆေးတက္ကသိုလ်သင်တန်းများ၊ သူနာပြု ဆရာမ သင်တန်းများကို စစ်တလင်း စစ်မြေပြင် အခြေအနေတွင် အခက်အခဲ မျိုးစုံ၊ ချို့တဲ့မှု မျိုးစုံတို့ကို ရင်ဆိုင်ပြီး ပြည်သူတို့၏ ကျန်းမာရေးကို အာရုံ တစ်ခုတည်းထား၍ မလျှော့သော ဇွဲလုံ့လ၊ ကြီးစွာသော ကိုယ်ကျိုးစွန့်လွှတ်မှုတို့ဖြင့် လုပ်ခဲ့ကြသော ဆရာဝန်ကြီး ဒေါက်တာ ဦးဘသန်းနှင့် ဆရာဝန်များ၊ ဆရာမများ၊ အနယ်နယ် အရပ်ရပ်ရှိ ဂျပန်ခေတ် ဆေးရုံအမှုထမ်းများ၏ အားထုတ်ခဲ့ရပုံများကို ကောင်းစွာ စဉ်းစားကြည့်နိုင်ကြပါသည်။ ၁၉၄၃ ခု အကုန်ခန့်မှ စ၍ မဟာမိတ်များ ပြန်လည် ရောက်ရှိလာသည်အထိ ရန်ကုန်မြို့ကို မဟာမိတ် ဗုံးကြဲလေယာဉ်တို့က နေ့စဉ်လိုလို ဗုံးမိုးများ ရွာချနေကြသည့်ကြားမှ တစ်ခါတစ်ရံ လေး ငါးရက် နေ့ရောညပါ အိပ်သည် ဆိုရုံမျှကလေး ခေတ္တနားကာ နားရိုမပြတ် အလှည့်နှင့် ခွဲစိတ်ကုသ ပြုစုပေးခဲ့ရသော ဒုက္ခမျိုးစုံတို့ကိုလည်း တွေးကြည့်နိုင်ကြပါကြောင်း အလျဉ်းသင့်၍ ဖော်ပြလိုက်ရပါသည်။

ဤ 'Helen of Burma' မြန်မာပြန်စာအုပ်ကို ဖတ်ရှုကြသော ပရိသတ်ကို စစ်မြေပြင်၊ စစ်တလင်းပေါ်တွင် ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက လူနာများ၊ လူမမာများကို အသက်ကယ်ဆယ်ရေး စိတ်ချမ်းသာရေး ရောဂါ ပျောက်ကင်းရေးတို့အတွက် စံနမူနာ ယူလောက်အောင် အန္တရာယ်မျိုးစုံကို ရင်ဆိုင်ပြီး ကိုယ်ကျိုးစွန့် လုပ်ကိုင်ခဲ့ကြသော ဆရာဝန်များ၊ ဆရာမများနှင့် ဆေးဘက်ဝန်ထမ်းတို့၏ 'မဟာကုသိုလ်' လုပ်ငန်းကြီးကို သာဓု အနုမောဒနာ ပြုကြပါရန် တိုက်တွန်းရပါသတည်း။

သခင်ကျော်စိန်
၂၈၊ ၁၂၊ ၈၆